# ကျွန်ုပ်တို့က သင်၏ DOL ပါ

NEW YORK STATE OF OPPORTUNITY. | Department of Labor



# ရွှေ့ပြောင်းနေထိုင်သူများရေးရာနှင့် မူဝါဒများ ဌာနခွဲ

## ရွှေ့ပြောင်းနေထိုင်သူများရေးရာနှင့် မူဝါဒများ ဌာနခွဲ (DIPA)

အလုပ်သမားဦးစီးဌာန၏ ဝန်ဆောင်မှုများ၊ အစီအစဉ်များနှင့် ကာကွယ်ပေးမှုများအား အလုပ်အသမားအာလုံးသို့ ရရှိနိုင်စေရန် DIPA က သေချာအောင် ဆောင်ရွက်ပေးသည်။ ၎င်းတွင်အခြားနိုင်ငံများမှ New York ပြည်နယ်သို့ ရွှေ့ပြောင်းလာသော တိုးပွားလျက်ရှိသည့် လူအုပ်စုအများအပြားနှင့် အင်္ဂလိပ်စကားမဟုတ်သော အခြား ဘာသာစကားများပြောဆိုသူများ ပါဝင်သည်။

## ကမ်းလင့်ထောက်ကူမှု

DIPA သည် ရွှေ့ပြောင်းနေထိုင်သူများ၊ ဒုက္ခသည်များနှင့် အင်္ဂလိပ် ဘာသာစကား သင်ယူသူများ (ELL) အား အလုပ်ခွင်နှင့်ပတ်သက်သည့် အခွင့်အရေးများကို သတင်းပေးသည်။ ကျွန်ုပ်တို့က DOL မှ ပေးအပ်သည့် အောက်ပါ အကူအညီများအကြောင်းကို ထိုသူများအား ပြောပြပေးသည်–

- လုပ်အားများ၊ အချိန်ပိုခနှင့် အခြား အကျိုးခံစားခွင့်များ မရရှိမှုများအတွက် အရေးယူဆောင်ရွက်မှု
- အလုပ်လက်မဲ့အာမခံနှင့်ပတ်သက်သော အချက်အလက်များ
- အလုပ်ရှာဖွေရေး အကူအညီနှင့် အသက်မွေးဝမ်းကြောင်းမှု အကူအညီ
- အကူအညီအတွက် အခြား အေဂျင်စီများနှင့် အုပ်စုများသို့ အချိတ်အဆက်များ
- လူကုန်ကူးခြင်းဆိုင်ရာ သတင်းအချက်အလက်

DIPA သည် အသေးစား စီးပွားရေးလုပ်ငန်း ပိုင်ရှင်များအား အောက်ပါတို့နှင့်ပတ်သက်၍လည်း ပညာပေးသည်-

- အလုပ်ခန့်အပ်မှု ဥပဒေများ
- ၎င်းတို့၏ တရားဝင် တာဝန်ဝတ္တရားများ
- ၎င်းတို့ကို အကူအညီပေးနိုင်သည့် DOL အရင်းအမြစ်များ
- လူကုန်ကူးခြင်း

## မူဝါဒများနှင့် ဥပဒေများ

New York ပြည်နယ် အလုပ်သမားဦးစီးဌာနသည် ရွှေ့ပြောင်းနေထိုင်သူများ၊ ဒုက္ခသည်များနှင့် အင်္ဂလိပ် ဘာသာစကား သင်ယူသူများ၏ လိုအပ်ချက်များကို ဖြည့်ဆီးပေးသည်ကို သေချာအောင် DIPA ကဆောင်ရွက်ပေးသည်။ NYSDOL မူဝါဒများ၊ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေများသည် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများကို မည်သို့ အကျိုးသက်ရောက်စေသည်ကို ကျွန်ုပ်တို့က ပြန်လည်သုံးသပ်ချက်ပေးသည်။

## ရာဇဝတ်မှု ကျူးလွန်ခံရသူများ

လူကုန်ကူးခြင်းနှင့် အတင်းအဓမ္မ ခိုင်းစေမှုတို့သည် ရွှေ့ပြောင်းနေထိုင်သူများ ၊ ဒုက္ခသည်များနှင့် အင်္ဂလိပ် ဘာသာစကား သင်ယူသူများ အပါအဝင် New York ပြည်နယ်သူများကို အသုံးချအမြတ်ထုတ်သည့် ရာဇဝတ်မှုများဖြစ်သည်။ ၎င်းကို ပြည်နယ်အနှံ့ တိုက်ထုတ်ရန်အတွက် DIPA ကကူညီပေးသည်။ ကျူးလွန်ခံရသူများအား ပြည်နယ်၏ ရာဇဝတ်မှုဆိုင်ရာ ဥပဒေများအောက်ရှိ ၎င်းတို့ရပိုင်ခွင့်ရှိသည့် ဝန်ဆောင်မှုများ ရရှိရန် ၎င်းတို့ကို ကူညီနိုင်မည့်ပြည်နယ် အေဂျင်စီများသို့လည်း ကျွန်ုပ်တို့မှ ရည်ညွှန်းပေးသည်။

အချို့သော ရာဇဝတ်မှုများကို ကျူးလွန်ခံရသူများသည် အထူးဗီဇာများအတွက် ဖယ်ဒရယ်အစိုးရသို့ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားရန်အတွက်၊ ၎င်းတို့သည် တရားဥပဒေ စိုးမိုးရေး အေဂျင်စီတစ်ခုမှတဆင့် အသိအမှတ်ပြုခံထားရမည်ဖြစ်သည်။ DOL အတွင်းတွင် DIPA သည် U နှင့် T ဗီဇာ အသိအမှတ်ပြုလက်မှတ် တို့အတွက် လျှောက်ထားမှုများကို ပြန်လည်သုံးသပ်ချက်ပြုသည်။

## စိုက်ပျိုးရေး

DIPA သည် New York ပြည်နယ်၏ ကြီးမားပြီး ကွဲပြားခြားနားလှသည့် စိုက်ပျိုးရေးလုပ်ငန်းကို တိုးတက်ခိုင်မာလာစေရန် လုပ်ဆောင်သည်။ တချိန်တည်းမှာပင် ကျွန်ုပ်တို့သည် စိုက်ပျိုးရေး အလုပ်သမားများအား ၎င်းတို့၏ အခွင့်အရေးများအကြောင်းနှင့် DOL မှတဆင့် ရရှိနိုင်သည့် ဝန်ဆောင်မှုများအကြောင်းကို ပညာပေးပါသည်။ အလုပ်သမားများအား အလုပ်သမားဥပဒေများလိုက်နာစေရေးအတွက် ကူညီရန် ကျွန်ုပ်တို့သည် လယ်ယာမြေများသို့ သွားရောက်လည်ပတ်ပေးပါသည်။ လယ်သမားများ ၎င်းတို့ လုပ်အား လိုအပ်ချက်များကို ဖြည့်ဆီးပေးရန် အရည်အချင်းပြည့်မီသည့် စိုက်ပျိုးရေး အလုပ်သမားများရှာဖွေရန်လည်း ကျွန်ုပ်တို့မှ ကူညီပေးသည်။ DIPA သည် H-2A လျှောက်ထားမှုများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ အိမ်ရာ စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခြင်း၊ စပိန်ဘာသာစကား အင်တာဗျူး အကူအညီပေးခြင်း၊ H-2A စာချုပ်များ လိုက်နာမှုရှိစေရန် သေချာအောင် ဆောင်ရွက်ရာတွင် အမေရိကန်ပြည်ထောင်စု အလုပ်သမားဦးစီးဌာနအား ကူညီလုပ်ဆောင်ပေးခြင်း တို့ကို ဆောင်ရွက်ပေးသည်။

## DIPA ကို ဆက်သွယ်ရန်


ဖုန်း- **877-466-9757 (877- IMM-WRKR)**

အီးမေးလ်- **dipa@labor.ny.gov**

ဝဘ်ဆိုဒ်- **www.labor.ny.gov**





New York ပြည်နယ်အလုပ်သမားဦးစီးဌာနသည် သာတူညီမျှ အခွင့်အလမ်းပေးသည့် အလုပ်ရှင်/အစီအစဉ် ဖြစ်သည်။ မသန်စွမ်းသူတိုင်းသည် အပိုဆောင်း ပံ့ပိုးထောက်ပံ့မှုများနှင့် ဝန်ဆောင်မှုများကို တောင်းဆို ရယူပြီး ခံစားနိုင်ပါသည်။


NEW YORK STATE OF OPPORTUNITY. | Department of Labor